

# မဲခေါင်မြစ်ဝှမ်းဒေသ ကျန်ဒါနှင့်မြေယာဆိုင်ရာသုံးသပ်ရှုမြင်ချက်

## အနှစ်ချုပ်

© Laszlo Mates

## နောက်ခံအကြောင်းအရာ

ကောင်းမွန်သည့် မြေယာစီမံအုပ်ချုပ်မှုအတွက် ဂျန်ဒါ(ကျား၊ မ၊ လိင်မတူကွဲပြားခြားနားသော) သာတူညီမျှမှုသည် မရှိမဖြစ်လိုအပ်သည်။ ဂျန်ဒါသာတူညီမျှမှုသည် တရားမျှတရေးကို အဓိကအလေးပေးသည်။ ဂျန်ဒါသာတူညီမျှမှုရှိသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်သည် တရားဝင် အင်စတီကျူးရှင်းများနှင့် အလွတ်သဘော မြေယာအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတို့မှတစ်ဆင့် မြေယာနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊ ပတ်သက်ဆက်နွယ်မှုများတွင် အမျိုးသားနှင့် အမျိုးသမီးများကို တန်းတူညီမျှ ပါဝင်လာနိုင်စေသည်။ မြေယာစီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များနှင့် အင်စတီကျူးရှင်းများသည် ပွင့်လင်းမြင်သာမှု၊ ချပြဆွေးနွေးမှုနှင့် အများပါဝင်မှုရှိပြီး မည်သည့်ဂျန်ဒါပင်ဖြစ် စေကာမူ ၎င်းတို့အားလုံး၏ မြေယာနှင့်ပတ်သက်သည့် မတူညီသော အကျိုး စီးပွားလားရာများ၊ လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သည်ဟုလည်း ဂျန်ဒါ သာတူညီမျှမှုရှိသည့် မြေယာစီမံအုပ်ချုပ်မှုစနစ်က ရည်ညွှန်းသည်။ ထို့အပြင် ၎င်းသည် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း မရှိမဖြစ် အရေးပါသည်။

ဤမဲခေါင်ဒေသဂျန်ဒါနှင့် မြေယာဆိုင်ရာရှုမြင်ချက်တွင် မဲခေါင်ဒေသကြီးတစ်ခုလုံး၌ ဂျန်ဒါသာတူညီမျှမှုရှိသည့် မြေယာစီမံအုပ်ချုပ်မှုစနစ် အနှစ်သာရရှိစွာ အားကောင်းခိုင်မာလာစေရန် နည်းဗျူဟာမြောက် ဦးစားပေးမှုများကို ဖော်ထုတ်တင်ပြထားသည်။ ဤရှုမြင်ချက်သည် ဖြစ်တန်ခြေရှိသော မူဝါဒနှင့် လုပ်ဆောင်ချက်များကိုလမ်းညွှန်ရန် အခြေခံအဖြစ် ပံ့ပိုးပေးသည်။ မဲခေါင်ဒေသ (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်) ဂျန်ဒါနှင့်မြေယာအခြေအနေများကို အယူအဆပိုင်းဆိုင်ရာ၊ နိုင်ငံတကာနှင့် ဒေသကြီးဆိုင်ရာ ရှုထောင့်မှဖော်ပြခြင်းဖြင့် အစပြုထားပြီး မြေယာနှင့် သက်ဆိုင်သည့် မူဝါဒ၊ ဥပဒေမူဘောင်များ၊ ၎င်းတို့၏ ဂျန်ဒါအထူးပြုပြဋ္ဌာန်းချက်များ/ ဖော်ပြချက်များကိုလည်း လေ့လာသုံးသပ်ထားသည်။ မိသားစုနှင့် အမွေဆက်ခံပိုင်ခွင့် ဥပဒေများ၊ မြေယာလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်း၊ မြေယာအခွင့်အရေး အစီအမံများနှင့် အကောင်အထည်ဖော်မှုပိုင်းဆိုင်ရာကိစ္စရပ်များကို ကောက်နုတ်တင်ပြမှုလည်း ပါဝင်သည်။ ပို၍ကျယ်ပြန့်သည့် မြေယာဆိုင်ရာစီးပွားရေးပြဿနာရပ်များကိုလည်း ဖော်ပြထားပြီး အကြီးစားမြေယာသိမ်းဆည်းမှုများ၊ စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှုကို ဒေသကြီးနှင့် ကမ္ဘာ့အဆင့်ဈေးကွက်များနှင့် ချိတ်ဆက်ပေါင်းစည်းမှု၊ မြေယာစီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း၌ အင်စတီကျူးရှင်းဆိုင်ရာ အဓိက စိန်ခေါ်မှုများ၊ မြေယာဆိုင်ရာ တရားမျှတမှု လက်လှမ်းမှီနိုင်မှုနှင့် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့် စသည်တို့လည်း အပါအဝင်ဖြစ်သည်။ လက်ရှိထွက်ပေါ်လာသော ခေါင်းစဉ်များကိုလည်း ကောက်နုတ်တင်ပြထားပြီး အကြံပြုချက်များလည်း ထည့်သွင်းထားသည်။


© Phuongphoto


© Steve Allen


© Laszlo Mates

## ဒေသကြီးနှင့် နိုင်ငံတကာမူဝါဒ အခြေအနေ

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ကမ္ဘာ့အဆင့် မူဝါဒအစီအစဉ်များ၌ ဂျန်ဒါနှင့် မြေယာကိစ္စရပ်များသည် အလွန်ရေပန်းစားသော ကိစ္စရပ်များဖြစ်လာခဲ့သည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့်အားဖြင့်ဆင်တူမှုရှိသော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများနှင့် စုံလင်ကွဲပြားသော ပထဝီဝင် အနေအထားများရှိပြီး တောင်တန်းဒေသသစ်တောများမှသည် မြေနိမ့်ပိုင်း စပါးစိုက်ခင်းများအထိ လွှမ်းခြုံထားသည်။ မဲခေါင်ဒေသကြီးရှိနိုင်ငံများတွင် နိုင်ငံရေးနှင့် စီးပွားရေးစနစ်ကွဲပြားမှုရှိလင့်ကစား ဂျန်ဒါကိစ္စရပ်များစွာသည် ကျယ်ကျယ်ပြန့်ပြန့်ဆင်တူ မှုရှိပြီး အများအားဖြင့် တိုင်းရင်းသားလူနည်းစု အမျိုးသမီးများသည် ခွဲခြားဆက်ဆံမှုကို မကြာခဏ အခံရဆုံးအုပ်စုဖြစ်သည်။

ဂျန်ဒါနှင့်မြေယာစီမံအုပ်ချုပ်မှုကို နိုင်ငံတကာရှုထောင့်မှတင်ပြရာ၌ အမျိုးသားစားနပ်ရိက္ခာဖူလုံရေးနှင့် စပ်လျဉ်းသည့် မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောများ တာဝန်သိအုပ်ချုပ်မှုဆိုင်ရာလမ်းညွှန်ချက်များ (the VGGTs)၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်များ(SDGs)နှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာနိုင်ငံတကာ သဘောတူစာချုပ်(CEDAW) ရှုထောင့်များမှ ဖော်ပြထားပါ သည်။ CEDAW ကို လက်မှတ်ရေးထိုးထားသည့်နိုင်ငံများသည် (မဲခေါင်ဒေသရှိ နိုင်ငံများအပါအဝင်) အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများကိုရှုတ်ချရန်နှင့် ပပျောက်ရေးအတွက် သင့်လျော်သောနည်းလမ်းများဖြင့် နှောင့်နှေးမှုမရှိစေဘဲ မူဝါဒချမှတ်အကောင်အထည်ဖော်ရန် သဘောတူကြသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အတွင်း အဓိကကျသော လမ်းညွှန်မူဝါဒမှာ ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ဂျန်ဒါတုံ့ပြန်မှုဆိုင်ရာ အကောင်အထည်ဖော်ရေး အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ နှင့် SDGs ဖြစ်ပြီး အာဆီယံဂျန်ဒါထည့်သွင်းပေါင်းစည်းရေး မဟာဗျူဟာမူဘောင် ၂၀၂၁-၂၀၂၅ ကို ဖြစ်ပေါ်စေခဲ့သည်။ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝစွာ ပါဝင်လာနိုင်ရေးသည် ဤကြေညာစာတမ်း၏ အဓိကကျသော ကတိကဝတ်တစ်ခုဖြစ်သည်။

# လက်ရှိထွက်ပေါ်လာသော ခေါင်းစဉ်များနှင့်အကြံပြုချက်များ

**မူဝါဒခိုင်မာစေခြင်း** – မဲခေါင်ဒေသနိုင်ငံများ (အထူးသဖြင့် ဗီယက်နမ်တွင်) ယေဘုယျအားဖြင့် မြေယာဆိုင်ရာ ဂျန်ဒါ သာတူညီမှုအတွက် လုံလောက်သည့်အခြေခံရှိသည်။ သို့ရာတွင် မဲခေါင်ဒေသ (၄) နိုင်ငံလုံး၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေအပါအဝင် ပြဋ္ဌာန်းဥပဒေများတွင် "ဂျန်ဒါ မျက်ကွယ်ပြုမှု"သည် စိုးရိမ်ဖွယ်ရာပင် ဖြစ်သည်။

- ***အကြံပြုချက်*** – ဂျန်ဒါတန်းတူညီရေးအတွက် ရှင်းလင်းတိကျသော ပြဋ္ဌာန်းချက်များထားရှိပြီး မူဝါဒမူဘောင်များ အားကောင်းအောင် ဆောင်ရွက်သင့်သည်။ ဂျန်ဒါခွဲခြားဆက်ဆံသည့် လူမှုစံနှုန်းများကို ရှင်းလင်းတိကျ စွာတားမြစ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သင့်သည်။

**ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်** – မဲခေါင်ဒေသနိုင်ငံများတွင် ဓလေ့ထုံးတမ်းမြေယာစနစ်များနှင့် အလေ့အကျင့်များ ကွဲပြားမှုများစွာရှိသည်။ ဓလေ့ထုံးတမ်းအလေ့အကျင့်များ၊ နယ်နိမိတ်များနှင့် စီမံအုပ်ချုပ်မှုစနစ်များအား အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ပုံဖော်ခြင်း လက်တွေ့လုပ်ငန်းစဉ်သည် ရှုပ်ထွေးခက်ခဲနိုင်သည်။ ဂျန်ဒါဆိုင်ရာ စိုးရိမ်မှုများကို နောက်ကျမှ ထည့်သွင်းခြင်းသည် ရှိနေနှင့်ပြီးသော ရှုပ်ထွေးသည့် နည်းစနစ်များအတွက် မလိုလားအပ်သည့် "ထပ်ဆောင်းဝန်ထုပ်ဝန်ပိုး" ဖြစ်သွားနိုင်သည်။

- ***အကြံပြုချက်*** – ထိရောက်မှုမြှင့်တင်ရန်နှင့် ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်မှုကို တိတိကျကျ နားလည်စေရန် ကနဦးကပင် ဂျန်ဒါအပြည့်အဝထည့်သွင်း စဉ်းစားသည့်ချဉ်းကပ်မှုတစ်ရပ် မဖြစ်မနေရှိရမည်ဖြစ်ပြီး အကောင်အထည်ဖော်ရေးအတွက်လည်း ရှင်းလင်းသည့် ပြဋ္ဌာန်းချက်များ/ဖော်ပြချက်များ ပါရှိသင့်သည်။

**တိုင်းရင်းသားလူနည်းစုများနှင့် ဌာနေတိုင်းရင်းသား အခွင့်အရေးများ** – မဲခေါင်ဒေသနိုင်ငံများတွင် ဖယ်ကျဉ်ခံရသူများသည် ဌာနေတိုင်းရင်းသား သို့မဟုတ် တိုင်းရင်းသားလူနည်းစုအုပ်စုများဖြစ်ကြသည်။ ၎င်းတို့သည် အများအားဖြင့် ထိခိုက်အလွယ်ဆုံး လူအုပ်စုလည်းဖြစ်ပြီး ၎င်းတို့တွင် အမျိုးသမီးများသည် အခွင့်အရေးဖယ်ကျဉ်ခံရဆုံးသူများ ဖြစ်လေ့ရှိသည်။


© Zzvet


© VinhDao


© VinhDao

- ***အကြံပြုချက်*** – မြေယာစီမံအုပ်ချုပ်မှုဆိုင်ရာ အုပ်ချုပ်ရေးနှင့် လုပ်ထုံးလုပ်နည်း ချဉ်းကပ်မှုများသည် တိုင်းရင်းသားလူနည်းစုများ (အထူးသဖြင့် တိုင်းရင်းသားလူနည်းစုအမျိုးသမီးများ)၏ ထိခိုက်လွယ်မှုအခြေအနေများကို နည်းစနစ်တကျ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။

**ဥပဒေဆိုင်ရာ မရှင်းလင်းမှုများ** – မဲခေါင်ဒေသနိုင်ငံများတွင် ဓလေ့ထုံးထမ်းလုပ်ပိုင်ခွင့်နှင့် ပြဋ္ဌာန်းဥပဒေပါ လုပ်ပိုင်ခွင့်များဆိုင်ရာ ဥပဒေမူဘောင်များသည် ရှင်းလင်းမှု မရှိပါ။

- ***အကြံပြုချက်*** – ဥပဒေဆိုင်ရာမရှင်းလင်းမှုများကို ဘက်ပေါင်းစုံလွှမ်းခြုံသည့် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုဖြင့် ဖြေရှင်းသင့်ပြီး နည်းဥပဒေအဆင့် ပြုပြင်ပြောင်းလဲမှုလည်း အပါအဝင်ဖြစ်သည်။

**မြေယာရင်းနှီးမြှုပ်နှံမှုများ** – အိမ်ထောင်စုတွင်းနှင့် ရပ်ရွာအသိုက်အဝန်းများတွင် ဂျန်ဒါတန်းတူညီမျှမှု မရှိခြင်းကြောင့် အမျိုးသမီးများသည် မဲခေါင်ဒေသရှိ လုပ်ပိုင်ခွင့်ချထားပေးခြင်း အခြေပြုမြေယာရင်းနှီးမြှုပ်နှံမှုများထံမှ အကျိုးကျေးဇူး အနည်းငယ်သာရရှိပြီး ပိုမိုများပြားသော ကုန်ကျစရိတ်များကိုသာ ကြုံတွေ့နေရကြောင်း အထောက်အထားများက ညွှန်ပြလျက်ရှိသည်။

- ***အကြံပြုချက်*** – ကြိုတင်အသိပေးပြီးပြည်သူများ၏ လွတ်လပ်သည့်သဘောဆန္ဒဖြင့် ထုတ်ဖော်ပြောကြားသည့်သဘောတူညီမှု (FIPC) နှင့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုလေ့လာဆန်းစစ်ခြင်း(ESIA) တို့သည် ဥပဒေ အရ မဖြစ်မနေလိုအပ်သည်။ သို့သော် တာဝန်ယူမှု/တာဝန်ခံမှုပိုင်းဆိုင်ရာ အစီအမံများနှင့် ဥပဒေအကောင်အထည်ဖော်မှုသည် အားကောင်းခိုင်မာရန်နှင့် အမျိုးသမီးများပါဝင်မှုနှင့် အမျိုးသမီးအခွင့်အရေးများကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုအပ်သည်။ ဒေသန္တရစီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးခြင်း အစီအစဉ်များနှင့် FPIC အတွင်း ဂျန်ဒါ သာတူညီမျှမှုရှိစွာပါဝင်နိုင်ရေး အစီအစဉ်များ ထည့်သွင်းခြင်းသည်လည်း အရေးပါမည် ဖြစ်သည်။

**မြေယာအုပ်ချုပ်ရေး –** မဲခေါင်ဒေသနိုင်ငံများတွင် မြေယာမှတ်ပုံတင်ခြင်းနှင့် တရားဝင်မြေယာလုပ်ပိုင်ခွင့်အစီအစဉ်များကို လွန်ခဲ့သည့်ဆယ်စုနှစ်အနည်းငယ်အတွင်း အကောင်အထည်ဖော်ခဲ့ကြသည်။ အချို့အစီအစဉ်များသည် ဂျန်ဒါ သာတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အဆင့်ဆင့်တက်လှမ်းခဲ့ကြပြီး ရလဒ်များမှာမူ အမျိုးမျိုးရောထွေးလျက်ရှိသည်။

- ***အကြံပြုချက်* –** အမျိုးသမီးများအကြား(နှင့် အမျိုးသမီးများနှင့်အမျိုးသားများအကြား) ကွဲပြားမှုများကို ပိုမိုအသိအမှတ်ပြုပေးရန်လိုအပ်သည်။ အိမ်ထောင်ရှင်များအတွက် သင့်လျော်ပါက ပူးတွဲမြေယာ အခွင့်အရေးပေးအပ်မှုကို တွန်းအားပေးခြင်းကဲ့သို့သော ရွေးချယ်စရာများစွာ ပေးထားသကဲ့သို့ အိမ်ထောင်မရှိသူ၊ ကွာရှင်းထားသူ၊ အိမ်ထောင်ဖက်သေဆုံးသွားသူများ၏ အခွင့်အရေးများကိုလည်း အကာအကွယ်ပေးရန် လိုအပ်သည်။ အလားတူပင် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်တွင် ဂျန်ဒါတန်းတူမှုရှိလာရေးနှင့်ပတ်သက်၍ မိသားစုနှင့်မြေယာဥပဒေများကို ပြန်လည် လေ့လာသုံးသပ်ရန်နှင့် သဟဇာတဖြစ်ရန် လိုအပ်လျက်ရှိသည်။

**မူဝါဒအကောင်အထည်ဖော်မှုတွင် ကွာဟချက်များ –** မဲခေါင်ဒေသနိုင်ငံများတွင် မူဝါဒများအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဆိုပါက မြေယာစီမံအုပ်ချုပ်မှု၌ ဂျန်ဒါသာတူညီမျှမှုကို အထောက်အကူပြုလိမ့်မည် ဖြစ်သည်။ သို့သော်လည်း လက်တွေ့တွင်မူ မူဝါဒများနှင့် အကောင်အထည်ဖော် ကျင့်သုံးမှုပိုင်းတွင် ကြီးမားစွာ ကွာဟလျက်ရှိသည်။ ဤရှုမြင်ချက်တွင် အဓိကဖော်ပြထားသည့် မဲခေါင်နိုင်ငံ လေးနိုင်ငံစလုံးတွင် မူဝါဒများနှင့်ဥပဒေများကို အကောင် အထည်ဖော်ရန် နည်းပညာပိုင်းနှင့်(ပြည်တွင်း)စွမ်းဆောင်ရည်ရရှိနိုင်မှုအပိုင်းတို့တွင် မတူညီသည့် ပုံစံအမျိုးမျိုးနှင့် ကြုံတွေ့နေရသည်။

- ***အကြံပြုချက်* –** ဥပဒေများနှင့်မူဝါဒများအား မည်သူတို့က မည်သို့ အကောင်အထည် ဖော်နေသနည်းဟူသည့် နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုပိုင်းနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အသေးစိတ်များသည် အရေးအပါဆုံးပင်ဖြစ်သည်။ လုပ်ဆောင်ချက်များ ထပ်နေခြင်းကို ရှောင်ကျဉ်နိုင်ရန်နှင့် ပူးပေါင်းကြိုးပမ်းမှုများမြှင့်တင်ရန် ဖွံ့ဖြိုးရေးမိတ်ဖက်များအကြား ညှိနှိုင်းဆောင်ရွက်ခြင်းလည်း လိုအပ်သည်။

**အများပါဝင်သည့်မြေယာစီမံအုပ်ချုပ်မှု –** ဒေသန္တရမြေယာစီမံအုပ်ချုပ်မှုသည် အရေးကြီးလှပြီး ဒေသန္တရအဆင့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အင်စတီကျူးရှင်းများတွင် ဂျန်ဒါသာတူညီမျှစွာ ရပ်ရွာလူထုပါဝင်မှုကို အလေးထားဆောင်ရွက်ခြင်းလည်း အပါအဝင်ဖြစ်သည်။

- ***အကြံပြုချက်* –** တာဝန်ယူမှု/တာဝန်ခံမှုပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို မဖြစ်မနေ အကောင်အထည်ဖော်ရပါမည်။ မြေယာစီမံအုပ်ချုပ်မှုတွင် ဒေသတွင်းဩဇာအာဏာရှိသူများ၏ ကိုယ်စားလှယ်များသာပါဝင်နေခြင်းမျိုး မဟုတ်ဘဲ အများပါဝင်ပြီး ထိရောက်သည့် မြေယာစီမံအုပ်ချုပ်မှုဖြစ်ပေါ်ရေးအတွက် သင်တန်းများ၊ စွမ်းရည်တည်ဆောက်မှုများနှင့် ဂျန်ဒါအကြောင်းသိရှိနားလည်ရေးဆိုင်ရာအစီအစဉ်များလည်း လိုအပ်မည်ဖြစ်သည်။

**ဂျန်ဒါအလိုက် တည်ရှိနေသည့်လူမှုစံနှုန်းများ –** ဂျန်ဒါဆိုင်ရာစံတန်ဖိုးများ၊ အလေ့အကျင့်များ၊ ယုံကြည်မှုစနစ်များနှင့် ရိုးရာဓလေ့များသည် နက်ရှိုင်းစွာအမြစ်တွယ်နေသည့်စံနှုန်းများဖြစ်ပြီး အချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်း ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းတို့သည် မြေယာနှင့်ပတ်သက်၍ ဂျန်ဒါ သာတူညီမျှရေးအတွက် ဥပဒေဆိုင်ရာကြိုးပမ်းအားထုတ်မှုများကို မှေးမှိန်အားလျော့သွားစေနိုင်သည်။ ရှုပ်ထွေးခက်ခဲမည်မှန်သော်လည်း လူမှုစံနှုန်းများကို ပြောင်းလဲရန် ဖြစ်နိုင်ပါသည်။


© VinhDao


© Jeff Cagle

- ***အကြံပြုချက်* –** ဂျန်ဒါသာတူညီမျှမှုရှိသည့် စံတန်ဖိုးများကို မြှင့်တင်ရန်အတွက် အရပ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရများသည် ဒေသတွင်း အပြောင်းအလဲဖော်ဆောင်သူချန်ပီယံများ(အမျိုးသားများနှင့်အမျိုးသမီးများ)နှင့် လက်တွဲအလုပ်လုပ်နိုင်သည်။ ဖွံ့ဖြိုးရေးမိတ်ဖက်များကလည်း ရန်ပုံငွေနှင့် နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုပေးနိုင်သည်။

**လုပ်ငန်းဆောင်ရွက်ရန်စွမ်းဆောင်ရည်မြှင့်တင်ခြင်း –** စုံလင်ကွဲပြားသည့် သက်ဆိုင်ပါဝင်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည်လည်း အရေးအကြီးဆုံးအချက်ဖြစ်သည်။ မြေယာအုပ်ချုပ်ခြင်း၊ မြေယာမှတ်ပုံခြင်း၊ မြေယာဆိုင်ရာတရားမျှတမှုလက်လှမ်းမီခြင်းနှင့် မြေယာဆိုင်ရာဆုံးဖြတ်ချက် ချမှတ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းတို့၌ ဂျန်ဒါသာတူညီမျှမှု ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းအားထုတ်မှုများစွာ ပြုလုပ်လာခဲ့ကြပါသည်။ ယနေ့အချိန်အထိ ပေါင်းစည်းညီညွတ်မှုမရှိခြင်း၊ ပူးတွဲဆောင်ရွက်မှုမရှိခြင်းနှင့် ဆုံးခန်းတိုင် အပြီးသတ်ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် သက်ရောက်မှု အားနည်းလှကြောင်း တွေ့ရှိရသည်။

- ***အကြံပြုချက်* –** မဲခေါင်ဒေသတွင်း အပြန်အလှန်သင်ယူခြင်းနှင့်အတွေ့အကြုံမျှဝေခြင်း၊ အဓိကကိစ္စရပ်များအပေါ် ပူးပေါင်းအရေးဆိုခြင်းနှင့် အဓိပ္ပါယ်ပြည့်ဝသည့် အပြောင်းအလဲအတွက် အရေးပါသောစုဖွဲ့မှုတစ်ရပ် တည်ဆောက်ခြင်းတို့ကို တွန်းအားပေးရန်အတွက် ဂျန်ဒါနှင့်မြေယာဆိုင်ရာကိစ္စရပ်များကို လက်တွေ့ဆောင်ရွက်သူများဖြင့် ဖွဲ့စည်းထားသည့် စိတ်တူကိုယ်တူအသိုက်အဝန်းတစ်ခု (community of practice)ကို ပြည်တွင်းနှင့် ဒေသကြီးအဆင့်တို့တွင် ဖွဲ့စည်းတည်ထောင်ရန် လိုအပ်နေသည်။

**သစ်တောများနှင့်ရာသီဥတုပြောင်းလဲမှု –** မဲခေါင်ဒေသတွင် သစ်တောဖုံးလွှမ်းသည့် နယ်မြေများစွာရှိသော်လည်း သစ်တောပြုန်းတီးမှုနှင့် တရားမဝင်သစ်လုပ်ငန်းများသည်လည်း လျင်မြန်စွာ ဆက်လက်ဖြစ်ပေါ်နေသည်။ ထို့အပြင် အချို့နယ်မြေဒေသများသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ မိုးခေါင်ခြင်းနှင့် အခြားသော ရာသီဥတုဆိုင်ရာစိန်ခေါ်မှုများ၊ ဖိအားများနှင့် ကြုံတွေ့ထိခိုက်နိုင်ခြေရှိသည်။ အန္တရာယ်နှင့်ထိခိုက်ဆုံးရှုံးမှု ကျရောက်နိုင်ခြေရှိသည့် အသိုက်အဝန်းများအတွင်း အမျိုးသမီးများသည် ထိခိုက်အလွယ်ဆုံးသူများစာရင်းတွင် အပါအဝင်ဖြစ်သည်။

- ***အကြံပြုချက်* –** တိုင်းရင်းသားလူနည်းစုများ၊ အခြားထိခိုက်လွယ်အသိုက်အဝန်းများနှင့် ၎င်းတို့အနက် အခွင့်အရေးပိုမိုဆုံးရှုံးနစ်နာရသူအမျိုးသမီးများအပေါ် သစ်တောပြုန်းတီးမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ဖြေရှင်းနိုင်ရန်အတွက် အာဆီယံအခြေစိုက် ဂျန်ဒါနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒေသကြီးအဆင့်ချဉ်းကပ်မှုတစ်ရပ် လိုအပ်လျက်ရှိသည်။

**အသိပညာနှင့် အချက်အလက်ဆိုင်ရာ ကွာဟမှု –** ဂျန်ဒါ၊ မြေယာနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ သိနားလည်မှုများ သိသိသာသာမြင့်တက်လာသော်လည်း ဆက်လက်လေ့လာစရာ များစွာကျန်ရှိနေပါသေးသည်။ နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့် စသည်တို့တွင် တိကျဆီလျော်ပြီး ကျား/မခွဲ၍ ဖော်ပြထားသည့် အချက်အလက်များ မရှိခြင်းအပါအဝင် မဲခေါင်ဒေသတဝှမ်းတွင် နှိုင်းယှဉ်နိုင်သော မြေယာအချက်အလက်များ မရှိခြင်းကြောင့် ပြဿနာရပ်များကို ဖော်ထုတ်ခြင်းနှင့် အဆိုပါပြဿနာရပ်များကို ဖြေရှင်းရန်ကြိုးပမ်းမှုကို လေ့လာစောင့်ကြည့်ခြင်းတို့တွင် အကြီးစား စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။

- **အကြံပြုချက် –** ဒေသန္တရအဆင့်များတွင်သာမက သက်ဆိုင်ရာ နိုင်ငံတော်အဆင့် အစီရင်ခံခြင်းလုပ်ငန်းစဉ်များတွင်လည်း သေသေချာချာ ဂရုပြုရေးဆွဲထားသည့်ပရိုဂရမ်နှင့် စီမံချက်ဒီဇိုင်းများမှတဆင့် ဆီလျော်မှုရှိသော၊ ဂျန်ဒါခွဲ၍ဖော်ပြထားသော အချက်အလက်များကို စုဆောင်းရယူသင့်သည်။ မူဝါဒများ၊ ဥပဒေများနှင့် လူမှုစီးပွားဆိုင်ရာ အပြောင်းအလဲများ၏ ရေရှည်သက်ရောက်မှုများတွင် သုတေသနပြုမှုများ ပိုမိုလိုအပ်လျက်ရှိသည်။

# အထူးဦးစားပေးအကြံပြုချက်များ

ကောင်းမွန်သည့် မြေယာစီမံအုပ်ချုပ်မှုအတွက် ဂျန်ဒါ သာတူညီမျှမှုသည် မရှိမဖြစ်လိုအပ်ပြီး ဂျန်ဒါသည် အစဉ်အမြဲ အရေးပါသည်။ ရှေ့သို့မျှော်ရည်၍ဆိုရပါလျှင် အောက်ပါဦးစားပေးလုပ်ဆောင်ချက်များကို ဆောင်ရွက်ရန် လိုအပ်သည် –

- ရပ်ရွာဦးဆောင်မှု၊ အိမ်ထောင်စုအတွင်းနှင့် ရပ်ရွာအသိုက်အဝန်းအဆင့်ဆုံးဖြတ်ချက်ချမှတ်မှုတို့တွင် အမျိုးသမီးများ အနှစ်သာရရှိစွာပါဝင်မှုကိုမြှင့်တင်ရန်
- မြေယာပိုင်ဆိုင်ခွင့်/အမွေဆက်ခံခွင့်နှင့်ပတ်သက်၍ အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများ၏အခွင့် အရေးများကို ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုပြီး အကောင်အထည်ဖော်ဆောင်ရန်၊ နိုင်ငံတော်အဆင့်၊ ပြည်နယ်နှင့်ဒေသန္တရအဆင့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ အင်စတီကျူးရှင်းများ၊ စီမံအုပ်ချုပ်မှုအဖွဲ့များနှင့် စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပါအဝင် မြေအသုံးပြုမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် အမျိုးသားများနည်းတူ အမျိုးသမီးများလည်းကိုယ်စားပြုခွင့်ရှိရေးနှင့် တန်းတူလုပ်ပိုင်ခွင့်အာဏာများရှိရေးကို အကျယ်တဝင့် အသိအမှတ်ပြုရန်နှင့် အကောင်အထည်ဖော်ရန်
- မြေယာဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုတွင် အမျိုးသမီးများ အနှစ်သာရပြည့်ဝစွာ ချိတ်ဆက်ပါဝင်လာနိုင်ရန်အတွက် အမျိုးသမီးများ၏ စွမ်းရည်နှင့် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေမူဘောင်များအကြောင်း သိနားလည်မှုမြှင့်တင်ပေးရန်
- စာမတတ်မြောက်မှုနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများရှိသော်လည်း မြေယာအုပ်ချုပ်ရေး ဆိုင်ရာဝန်ဆောင်မှုများကို အမျိုးသမီးများ လက်လှမ်းမီနိုင်စေရန်နှင့် မြေယာအခွင့်အရေးများအား (ပူးတွဲလုပ်ပိုင်ခွင့်သာမက) အမျိုးသမီး၏ နာမည်ဖြင့် လက် ဝယ်ထားရှိနိုင်ရန်
- တိုင်းရင်းသား လူနည်းစုရပ်ရွာဒေသများတွင် အမျိုးသမီးများ မြေယာလုပ်ပိုင်ခွင့်လက်လှမ်းမီရေးနှင့် အမွေဆက်ခံခွင့်ရရှိရေး အပေါ်ပိုမိုအလေးပေးရန်နှင့် ဓလေ့ထုံးတမ်းလုပ်ပိုင်ခွင့် အစီအမံများအောက်ရှိ အမျိုးသမီး မြေယာအခွင့်အရေးများကို အထူးအာရုံစိုက်ရန်
- မြေယာစီမံအုပ်ချုပ်မှုတွင် ဂျန်ဒါသာတူညီမျှမှုရှိရေးလေ့လာစောင့်ကြည့်ရန်အတွက် စံနှုန်းများနှင့်အညွှန်းကိန်းများကို လက်ခံသဘောတူရန်၊ ဂျန်ဒါခွဲ၍ဖော်ပြထားသည့် အရည်အသွေးအကောင်းဆုံးသော၊ နှိုင်းယှဉ်နိုင်သော အချက်အလက်များရရှိနိုင်ရေးအတွက် နိုင်ငံတော်အဆင့် အချက်အလက်ကောက်ယူစုဆောင်းမှုကို ပံ့ပိုးကူညီရန် ဒေသကြီးအဆင့်တွင် ပိုမိုကတိကဝတ်ပြု ဆောင်ရွက်ရန်ဖြစ်ပြီး သို့မှသာ တိုးတက်မှုများကို ခြေရာခံ စောင့်ကြည့်နိုင်မည်ဖြစ်သည်။
- မြေယာစီမံအုပ်ချုပ်မှုနှင့် မြေယာလက်လှမ်းမီနိုင်မှုတွင် ဂျန်ဒါသာတူညီမျှမှုရှိရေးအတွက် အစီအစဉ်များ ဒီဇိုင်းဆွဲခြင်းနှင့် အကောင် အထည်ဖော်ခြင်းတို့ကို ပံ့ပိုးကူညီရန် ဂျန်ဒါနှင့် မြေယာဆိုင်ရာ တက်ကြွသည့် စိတ်တူကိုယ်တူအသိုက်အဝန်းတစ်ခု (community of practice) မဲခေါင်ဒေသတွင် ဖွဲ့စည်းတည်ထောင်ရန်

မူဝါဒနှင့်ဥပဒေမူဘောင်များအဆင့်တွင် မဲခေါင်နိုင်ငံလေးနိုင်ငံစလုံးသည် CEDAW ကော်မတီက မကြာသေးမီက ထုတ်ပြန်လိုက်သည့် ကမ္ဘောဒီးယားအပေါ် တရားဝင်လေ့လာသုံးသပ်မှုတွင် ပါဝင်သည့် ဂျန်ဒါနှင့်မြေယာဆိုင်ရာ အကြံပြုချက်များကို လိုက်နာသင့်သည်။ အကြံပြုချက်များတွင် နိုင်ငံများအနေဖြင့်လိုက်နာဆောင်ရွက်သင့်သည်များကို ဖော်ပြထားပြီး အောက်ပါတို့အပါအဝင်ဖြစ်သည်။ အမျိုးသမီးများထံ မြေယာခွဲဝေချထားပေးနိုင်ရေး အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တရားဝင်မဟုတ်သည့် အခြေချနေထိုင်မှုများ/နေရာချထားပေးမှုများတွင် ဌာနေတိုင်းရင်းသား၊ တိုင်းရင်းသားလူနည်းစုနှင့်ကျေးလက်နေအမျိုးသမီးများကို အထူးအာရုံစိုက်ရန်နှင့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း သို့မဟုတ် ပြန်လည်သုံးသပ်ခြင်းတို့တွင် ဂျန်ဒါလေ့လာဆန်းစစ်ချက်များကို စနစ်တကျ ပြုလုပ်ရန်။ မြေယာစီမံအုပ်ချုပ်မှုအစီအစဉ်နှင့် စီမံကိန်း ဒီဇိုင်းရေးဆွဲအကောင်အထည်ဖော်သည့်အဆင့်တွင် မဲခေါင်နိုင်ငံလေးနိုင်ငံလုံးသည် တီထွင်ဆန်းသစ်မှုနှင့် အထောက်အထားအခြေပြုသည့် ကမ္ဘာ့အနှံ့မှ အလေ့အကျင့်ကောင်းများကို ပိုမိုအာရုံစိုက်သင့်သည်။

လေ့လာစောင့်ကြည့်ရေးဆိုင်ရာ ရှင်းလင်းသော အညွှန်းကိန်းများနှင့်ယန္တရားများကိုဖော်ဆောင်ရန်နှင့် ထပ်ခါတလဲ လဲချဉ်းကပ်မှုများကိုပံ့ပိုးပေးရန်အတွက် အစိုးရများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့်ပူးပါင်းဆောင်ရွက်ရန် ဖွံ့ဖြိုးရေး မိတ်ဖက်များအတွက်အခန်းကဏ္ဍရှိပါသည်။ အဆိုပါအခန်းကဏ္ဍများတွင် ကမ္ဘာအနှံ့မှအလေ့အကျင့်ကောင်းများကို ဒေသအခြေအနေနှင့်လိုက်လျောညီထွေအောင်ပြုခြင်းကို တိုက်တွန်းအားပေးရန် အမြဲအဆင်သင့်ရှိခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး သို့မှသာ ဖြေရှင်းရန်ကြိုးပမ်းမှုများသည် နိုင်ငံတော်အဆင့်၊ ပြည်နယ်နှင့်ဒေသန္တရအဆင့် အခြေအနေများနှင့်ပိုမိုသင့်လျော်ကာ ဒေသခံရပ်ရွာလူထုနှင့်အတူတကွဖော်ဆောင်သည့် ကြိုးပမ်းမှုလည်း ဖြစ်ပေမည်။ မြေယာကိစ္စရပ်များတွင် ဂျန်ဒါသာတူညီမျှမှုကိုပံ့ပိုးကူညီရန် ဒေသန္တရနှင့်နိုင်ငံတော်အဆင့်တွင် အမှန် တကယ်လက်တွေ့ကျအလုပ်ဖြစ်မည့်နည်းလမ်းများကိုရှာဖွေခြင်းသည် ပညာအရည်အချင်းရှိသည်ဖြစ်စေ/ မရှိ သည်ဖြစ်စေ၊ သန်စွမ်းသူ/မသန်စွမ်းသူဖြစ်စေ၊ မည်သည့် တိုင်းရင်းသား သို့မဟုတ် ဂျန်ဒါပင်ဖြစ်စေ မဲခေါင်ဒေသရှိ လူသားများအားလုံးအတွက် (လူငယ်နှင့် သက်ကြီးရွယ်အို၊ အမျိုးသမီးများနှင့် အမျိုးသားများ၊ အိမ်ထောင်ရှင်များနှင့် အိမ်ထောင်မရှိသူများ၊ ဆင်းရဲနှင့်ချမ်းသာမရွေး) ပိုမိုကောင်းမွန်သောရလဒ်များဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။


© Phuongphoto

ဤအကျဉ်းချုပ်သည် အောက်ဖော်ပြပါအကြောင်းအရာအလိုက် လေ့လာဆန်းစစ်မှုမူရင်းကို အနှစ်ချုပ်ဖော်ပြထားခြင်း ဖြစ်ပါသည်
Daley, E., Campbell, N. Y., Lowry, J. (2024). *Outlook on Gender and Land in the Mekong Region*. Vientiane: Mekong Region Land Governance.

အဆိုပါအကြောင်းအရာအလိုက် လေ့လာဆန်းစစ်မှုကို ဤတွင်ရရှိနိုင်ပါသည်-https://www.mrlg.org/publications/outlook-on-gender-and-land-in-the-mekong-region/

**ပြုစုရေးသားသူများ** - Elizabeth Daley, Natalie Y. Campbell, and Jessica Lowry

**စိစစ်သူများ** - Renee Chartres, Christophe Gironde, Alice Beban, Micah Ingalls, and Antoine Deligne.

**အပြင်အဆင်နှင့် ဒီဇိုင်း –** Win Myat Thu, Watcharapol Isarangkul Na Ayuthaya

**ကိုးကာရန်အကြံပြုချက်** Daley, E., Campbell, N. Y., Lowry, J. (2024). Outlook on Gender and Land in the Mekong Region. Brief. Vientiane: Mekong Region Land Governance.

This work is licensed under a Creative Commons Attribution-NonCommercial-ShareAlike 4.0 International License (CC BY-NC-SA 4.0)

မဲခေါင်ဒေသ မြေယာအုပ်ချုပ်မှုစီမံကိန်း (MRLG) သည် မဲခေါင်ဒေသရှိ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ မြေယာပိုင်ဆိုင်ခွင့် လုံခြုံရေးကို မြှင့်တင်ရန်ရည်ရွယ်ပြီး ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ၂၀၁၄ ခုနှစ် ဧပြီလမှ စတင်၍ လုပ်ကိုင်လည်ပတ် နေပါသည်။ MRLG သည် ဆွစ်ဇာလန်နိုင်ငံအစိုးရ၏ စီမံကိန်း တစ်ခုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွစ်ဇာလန်အေဂျင်စီ (SDC) မှတဆင့် အကောင်အထည်ဖော်ခြင်းဖြစ်ကာ ၊ ဂျာမနီအစိုးရနှင့် လူဇင်ဘတ်အစိုးရတို့ကလည်း ရန်ပုံငွေ ပူးပေါင်းပံပိုးပေးထားသည်။
အသေးစိတ်ကို ဤတွင်ဖတ်ရှုနိုင်ပါသည် –www.mrlg.org

**တာဝန်မရှိကြောင်း ငြင်းဆိုချက်**

ဤရေးသားထုတ်ဝေမှုတွင်ပါရှိသည့် အမြင်များ၊ အယူအဆများနှင့်အဓိပ္ပါယ်ဖွင့်ဆိုမှုများသည် ရေးသားပြုစုသူများနှင့် အားဖြည့်ပါဝင်သူတို့ထံမှ ဖြစ်ပါသည်။ ၎င်းတို့သည် SDC ၊ ဂျာမနီနှင့် လူဇင်ဘတ်နိုင်ငံမှ အရာရှိများ၏ တရားဝင်/တရားမဝင် ထင်မြင်ယူဆချက်များ သို့မဟုတ် ရည်တည်ချက်များကို ကိုယ်စားမပြုပါ။

**စီမံခန့်ခွဲသူ**

**ရန်ပုံငွေပံ့ပိုးသူ**

**အကောင်အထည်ဖော်သူ**

**ပံ့ပိုးကူညီသူ**